ကိုယ်ကျင့်များကို ပြုပြင်နိုင်ဘို့ရာ ရှေးဆရာတော်များသည် "ရှင်ကျင့်ဝတ်" ဟူသော နာမည်ဖြင့် (ရဟန်းတော်များလည်း ကျင့်ရမည့်) "သေခိယသိက္ခာပုဒ်"များကို ဝိနည်းပါဠိတော်ကြီးမှ ထုတ်ဖော်ညွှန်ပြခဲ့ကြပေသည်၊ ထို ရှင်ကျင့်ဝတ်၌ သင်္ကန်းဝတ်ပုံ ရုံပုံ စားပုံ သောက်ပုံ မြို့ရွာအတွင်း နေထိုင်ပုံမှစ၍ စုံလင်စွာပင် ဘုရားရှင် ပညတ်တော်မူထားပေသည်။

၅။ ထို ရှင်ကျင့်ဝတ်အတိုင်းသာ နေထိုင် သွားလာ စားသောက်ကြပါလျှင် "ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူ နတ် ဦးခိုက်၊ ရှိခိုးထိုက်၏" ဟု ရှေးဆရာမြတ်တို့ မိန့်တော်မူအပ်သည်နှင့် အညီ လူကြီး လူကောင်း အများပင် ရှိခိုးဦးချချင်စရာ လွန်စွာ ကြည်ညိုဘွယ်ကောင်းသော ရှင်သာမဏေကလေးတပါး ဖြစ်ပါလိမ့်မည်။

၆။ ထို ရှင်ကျင့်ဝတ်များကို တပါးတလေ ချွတ်ယွင်းနေပြန်လျှင်လည်း "ရဟန်းကျင့်ဝတ်၊ တပါးချွတ်က၊ လူ နတ် မကြိုက်၊ ကဲ့ရဲ့ထိုက်၏" ဟူသော ရှေးဆရာတော်ကြီးများ၏ အမိန့်တော်နှင့်အညီ မြန်မာတိုင်းဘွား ဗုဒ္ဓဘာသာဝင်များပင် ကြည်ညိုချင်ဘွယ် မကောင်းသော မောင်ရှင်ကလေး ဖြစ်မည်သာမက နိုင်ငံခြားသားတို့ကမူ ပြည်ထောင်စုအမျိုးသား အားလုံးကိုပင် သိမ်းကျုံး၍ "ဤ လူမျိုးကား အဝတ်ဝါ ဝတ်သူ